မူကြိုကျောင်း

Public education
**Discover a world of opportunities**

# နံပါတ်များ: အိမ်တွင် လေ့လာသင်ယူခြင်း

## နံပါတ်ဂဏန်းများနှင့်ကစားသည့် အကြံဉာဏ်များ

### ဟော့ဖ်စကော့ချ်

နံပါတ်ဂဏန်းများကို လေ့လာရန်အတွက်နှင့် လေ့ကျင့်ခန်းများကို လုပ်ရန် အလွန့်အလွန် ကောင်းသည်။

### ပူဖေါင်းဘောလုံး ပုတ်ခြင်း

ပူဖေါင်းဘောလုံးကို ကြမ်းပြင် မထိစေပဲ တစ်ခုနှင့်တစ်ခုကို သင် မည်မျှအကြိမ် ပုတ်နိုင်ကြောင်း ရေတွက်ပါ။ ပူဖေါင်းဘောလုံး ကြမ်းပြင်နှင့်ထိသည့်အခါ အစပြန်လုပ်ပါ။

### ဒိုမီနို

အစက်အပြောက်များကို ရေတွက်ပြီး ဆင်တူရွေးပါ။

> သင့်ကလေးကို အတုံးများနှင့်ကစားစေပါ။ သူတို့ကစားနေစဉ် သင် မေးခွန်းများ မေးနိုင်သည်။ ဥပမာ- မည်သည့် အတုံးက အရှည်ဆုံး ဖြစ်သလဲ။ မည်သူက အတုံးတွေကို အမြင့်ဆုံး စီနိုင်သလဲ ကြည့်ကြစို့ ၄င်းပြင် သင့်အတုံးများနှင့် အစဉ်တကျ အဆင်အပြင်တစ်ခုကို သင် လုပ်နိုင်သလား။

### ကတ်ဘုတ်ကစားပွဲများ

အန်စာတုံးကို သုံး၍ ကတ်ဘုတ်ကစားစရာကို သင် ကစားသည့်အခါ အစက်အပြောက် တစ်ခုချင်းကို မရေတွက်ပဲ မည်မျှရှိသည်ကို မှတ်မိအောင် သင့်ကလေးကို ကူညီပါ။ ဥပမာ- အဲဒါ လေး ဖြစ်ကြောင်း ကျွန်ုပ် သိသည် အဘယ်ကြောင့်ဆိုသော် နှစ်ခု နှင့် နှစ်ခု ကျွန်ုပ် မြင်နိုင်သောကြောင့် ဖြစ်သည်. ကစားပွဲ၌ အကွက်များကို သင် ရွှေ့နေစဉ် အကွက်များကို ကျယ်ကျယ်ပြောပြီး ရေတွက်ပါ။

### လျှပ်စစ်ဖြင့် ကစားနည်းများ

စွန့်စားလုပ်သည့်ကစားပွဲများ၊ တက်ပလက်အက်ပ်များ၊ ဝက်ဘ်ကိုအခြေခံသည့် ပြိုင်ပွဲများနှင့် အားကစား ကစားပွဲများကို ထည့်သွင်းကစားပါ။ သင့်ကလေးနှင့်အတူ ကွန်ပျူတာ စွန့်စားကစားပွဲများကို ကစားပြီး အောက်ပါကဲ့သို့ မေးခွန်းများကို မေးပါ- နောက်ထပ် အဆင့်တစ်ဆင့်ကိုရရန် ကြယ်မည်မျှ သင် လိုအပ်ပါသနည်း။


### အန်စာတုံး ကစားပွဲများ

> **Simon Says** ကဲ့သို့ကစားပွဲများကို ကစားခြင်းသည် တည်နေရာအနေအထား၊ နံပါတ်ဂဏန်းများနှင့် တိုင်းတာခြင်တွယ်ခြင်း တို့အတွက် အလွန့်အလွန် ကောင်းပါသည်။ ဥပမာ သင် ပြောနိုင်သည်မှာ - **Simon** က သုံးကြိမ် ခုန်ပေါက်ခိုင်းသည် နှင့် **Simon** က ဖျာပေါ် ထိုင်ခိုင်းသည် ၄င်းပြင် **Simon** က ကိုယ်ကိုဆန့်ခိုင်းသည်။

သင့် ကလေးအနေဖြင့် မည်သည့် နံပါတ်က ပိုကြီးကြောင်း ၊ မည်သည့်နံပါတ်က ပိုငယ်ကြောင်း သို့မဟုတ် မည်သည့်နံပါတ်က အတူတူဖြစ်ကြောင်း မှတ်မိရန် ထောက်ကူပေးသောအနေဖြင့် အန်စာတုံး နှစ်တုံးကိုသုံးပါ။

### ဖဲချပ် ကစားနည်းများ

နံပါတ်ဂဏန်းများကို လေ့လာရန်အတွက်နှင့် အလှည့်ကျ အလှည့်ကိုလေ့လာရန် အလွန့်အလွန် ကောင်းသည်။



Department of **Education**

သင် ပိုမို၍ တွေ့လိမ့်မည်
အိမ်တွင် လေ့လာသင်ယူရန် အချက်အလက်စာချပ်လွှာ
**education.wa.edu.au.**

© Department of Education, Western Australia, 2015
CC BY